

부산광역시
BUSAN METROPOLITAN CITY

Dynamic BUSAN



# မီးဘေးကင်းလုံခြုံရေး အပြုအမူ ဆောင်ရွက်ချက်များ

## Fire safety behavior tips

부산광역시
BUSAN METROPOLITAN CITY




# မီးဘေး ကာကွယ်ရေး

## သေချာသိထားကြရအောင်။

- မီးသတ်ဆေးဘူးအား မြင်လွယ်သော နေရာတွင် ထားရှိကာ အသုံးပြုသော နည်းလမ်းကို သိထားရပါမည်။
- အရေးပေါ်ထွက်ပေါက်တွင် အတားအဆီးဖြစ်စေသော ပစ္စည်းများကို စုပုံမထားပါနှင့်။

### အိမ်တွင်း မိဘေးအန္တရာယ် ကာကွယ်ခြင်း

- မီးမသောက်ပါနှင့်။
- မီးသတ်ဆေးဘူးအား မြင်လွယ်သော နေရာတွင် ထားရှိကာ အသုံးပြုသော နည်းလမ်းကို သိထားရပါမည်။



- မီးခိုးငွေ့ဆင်ဆာအား အခန်းတိုင်းတွင် တပ်ဆင်ထားပြီး၊ ကောင်းမွန်မှု ရှိမရှိ စစ်ဆေးပါ။
- လျှပ်စစ်ပစ္စည်းများအား သေချာပေါက် အရည်အသွေးမှီသော ပစ္စည်းများကို အသုံးပြု၍ concentric plugတစ်ခုတွင် လျှပ်စစ်ပစ္စည်း သုံးလေးခု တစ်ပြိုင်နက် မသုံးပါနှင့်။
- ဂတ်စ်အိုးနှင့် ကြားဆက်valveအား အသုံးပြုပြီးနောက် အမြဲ သေချာပိတ်ကာ တစ်လ တစ်ကြိမ် ဂတ်စ်ယိုစိမ့်မှု ရှိမရှိ စစ်ဆေးပါ။
- ဝရံတာတွင် တပ်ဆင်ထားသော အရေးပေါ်ထွက်ပေါက်ရှေ့တွင် အမြဲတမ်း ထွက်ပေါက်ပိတ်စေသော ပစ္စည်းများအား စုပုံမထား ပါနှင့်။



**Tip!**

### လုပ်ဆောင်ရမည့် အချက်များ

- ရှောင်ဖယ်သော နည်းလမ်းနှင့် ရှောင်ပြီးနောက် တွေ့ဆုံမည့်နေရာအား ကြိုတင်သတ်မှတ်ထားခြင်း။
- ရှောင်ဖယ်သောအခါ သယ်ဆောင်သွားရမည့် အရေးကြီးပစ္စည်းများအား ရေးမှတ်ထားခြင်းနှင့် သယ်ဆောင်မည့်သူအား ရွေးချယ်ခြင်း။
- အရေးပေါ်ဆက်သွယ်နိုင်မည့် ဖုန်းနံပါတ်နှင့် ဆက်သွယ်နိုင်မည့်သူအား ရွေးချယ်ထားခြင်း။
- တံခါးကြားကို ပိတ်ထားရမည့် အခြေအနေတွင် အသုံးပြုမည့် တိပ်နှင့် တဘက် ဆောင်ထားခြင်း။
- ပြင်ပသို့ ရှောင်ဖယ်ရသည့်အခါ အသုံးပြုမည့် တဘက် (သို့) ရှောင်ဖယ်ရာတွင် အသုံးပြုမည့် ပစ္စည်း။
- အရေးပေါ် ရှောင်ဖယ်ပြီးနောက် တွေ့ဆုံမည့် နေရာနှင့် အရေးပေါ်ဆက်သွယ်ရမည့် နံပါတ်များ။
- အိမ်ခေါင်မိုးအပေါ်ထပ် ထွက်ပေါက်အား ဖွင့်ထားသလား၊ အလိုအလျောက်အဖွင့်အပိတ်စနစ် တပ်ဆင်ထားသလားဆိုတာ အမြဲ စစ်ဆေးပါ။
- အခန်းတံခါးကို ပိတ်ထားပါက မီးနှင့် မီးခိုးငွေ့များ အလျင်အမြန် ပျံ့နှံ့ခြင်းကို နှောင့်နှေးစေနိုင်ပါသည်။

### မီးဘေး ကယ်ဆယ်ရေး မီးဘေးalarm မြည်ပါက



**❶ အရေးပေါ်ခေါ်ယူရမည်။**

- အိပ်ပျော်နေစဉ် မီးဘေးalarm ထမြည်ပါက မီးလောင်သည် ဟုတ်မဟုတ် စစ်ဆေးနေသည်ထက် အသံကုန်အော်ဟစ်၍ လူအားလုံးကို နှိုးကာ စုဝေးစေပြီး ကြိုလေ့ကျင့်ထားသည့်အတိုင်း အပြင်သို့ ရှောင်ထွက်ရမည်။

↓




**❷ ရှောင်ဖယ်သော နည်းလမ်းအား ဆုံးဖြတ်ရမည်။**

- လက်ဖျံဖြင့် အဝင်အထွက်တံခါး၏ လက်ကိုင်အား ကိုင်ကြည့်သောအခါ လက်ကိုင်က နွေးနေသည်ဖြစ်စေ ပူနေပါက တံခါးမျက်နှာချင်းဆိုင်ဖက်မှ မီးလောင်နေသည့်အတွက် တံခါးကို မဖွင့်ပါနှင့်။
- မီးခိုးငွေ့ ဝင်လာနိုင်သော ဘက်နှင့် အဝင်အထွက်တံခါး လက်ကိုင်အား ကိုင်ကြည့်ကာ လှေကားဖြင့် ထွက်သင့်သလား၊ ပြတင်းပေါက်မှ ကယ်ဆယ်ရေးခေါ်သင့်သလား ဆိုတာကို ဆုံးဖြတ်ရပါမည်။

↓



**❸ အလျင်အမြန် ရှောင်ဖယ်ရပါမည်။**

- ရှောင်ဖယ်သောအခါ ဓာတ်လှေကားအား လုံးဝ အသုံးမပြုပါနှင့်၊ လှေကားဖြင့်သာ မြေအောက်သို့ အန္တရာယ်ကင်းစွာ ဆင်း၍ ရှောင်ဖယ်ပါ။


↓




**❹ 119သို့ သတင်းပို့ပါ။**

- အန္တရာယ်ကင်းစွာ ရှောင်ဖယ်ပြီးနောက် 119သို့ သတင်းပို့ပါ။
- လက်ကိုင်ဖုန်းရှိ၍ သတင်းပို့နိုင်ပါက အလျင်အမြန် သတင်းပို့ပါ၊ သတင်းပို့နေသဖြင့် ရှောင်ချိန် နောက်ကျမှုမျိုး မဖြစ်စေရန် သတိထားရမည်။

↓



**❺ ရှောင်ဖယ်ပြီးနောက် လူဦးရေ စစ်ဆေးရမည်။**

- ကစားကွင်းကဲ့သို့ ကြိုတင်သတ်မှတ်ထားသည့် အန္တရာယ်ကင်းသည့် နေရာသို့ ရှောင်ဖယ်ပြီးနောက် လူဦးရေအား စစ်ဆေးရမည်။
- အနီးနားတွင် မတွေ့သော လူရှိပါက မီးသတ်ဝန်ထမ်းအား အသိပေးရမည်။

## မီးဘေး ကာကွယ်ရေး
## မီးလောင်နေသည်ကိုတွေ့သောအခါ

### ❶ မီးခိုးငွေ့ (သို့) မီးလောင်နေသည်ကို တွေ့သောအခါ




- မီးလောင်နေသည်ကို တွေ့ရှိပါက မီး၊ဟုအော်၍ ဖြစ်စေ အရေးပေါ်ဘဲလ်တီး၍ ဖြစ်စေ အနီးနား လူများသိအောင် အသိပေးပါ။

### ❷ မီးကို ငြိမ်းသတ်သင့်သည် ရှောင်ဖယ်သင့်သည်ကို ဆုံးဖြတ်ရမည်။


- မီးညွန့်က ခေါင်ထိပ်ထိ မရောက်သေးသော မီးငယ်ဖြစ်ပါက မီးသတ်ဆေးဘူး ၊ ရေ ၊ ရေပုံးစသည်တို့ကို အသုံးပြု၍ အလျင်အမြန် ငြိမ်းသတ်ပါ။
- မီးညွန့်က ကြီးလာ၍ ရှောင်ဖယ်ရမည့် အခြေအနေတွင် ရေစိုနေသော တဘက် (သို့) စောင်ကို အသုံးပြု၍ လှေကားမှ အပြင်သို့ ထွက်ပါ။
- အပြင်သို့ ထွက်ရန် ခက်ခဲပါက ဝရန်တာအကန့်မှ ဘေးအိမ်သို့ ရှောင်ဖယ်သည်ဖြစ်စေ အရေးပေါ်ကြိုးကို အသုံးပြု၍ ပြတင်းပေါက်မှ ထွက်သော နည်းလမ်းကို အသုံးပြုသည်ဖြစ်စေ၊ အိမ်တွင်းရှောင်ဖယ်နိုင်သော နေရာတွင် ရှောင်တိမ်းနေပြီး မီးငြိမ်းသည့်အချိန်မှ ထွက်လာသောနည်းလမ်း စသည်တို့ကို အသုံးပြုရမည်။

※ 1992နှစ် 10လပိုင်း မတိုင်ခင်က ခွင့်ပြုချက်ရရှိ၍ ဆောက်ထားသော တိုက်ခန်းများတွင် မီးဘေးကာကွယ်ရေး အဆောက်အဦးများမတပ်ဆင်ထားသည့်အတွက် သတိထားရမည် ဖြစ်ပြီး ဘေးကင်းလုံခြုံမှုရှိစေရန် အဆောက်အဦးများအား ပြင်ဆင်ရန် အကြံပြုလျှက်ရှိပါသည်။

## မီးခိုးငွေ့မှ ရှောင်ဖယ်နိုင်သော အနေအထား




လက်ကိုင်ပုဝါ၊ အဝတ် စသည်တို့ကို အသုံးပြု၍ နှာခေါင်းကို အုပ်ထားပါ။




ခန္ဓာကိုယ်ကို ကိုင်းထားပါ။





ကျန်လက်တစ်ဖက်ဖြင့် နံရံကို ကိုင်ပါ။





တစ်ဘက်တည်းကို ဦးတည်၍ အလျင်အမြန် အပြင်သို့ ထွက်ပါ။


## မြေပြင်သို့ ဆင်းသက်သည့် ကြိုးအသုံးပြုနည်း





လက်ကိုင်ကွင်းတွင် ကြိုး၏ ချိတ်ကို ချိတ်၍ ပိတ်ပါ။




လက်ကိုင်ကွင်းကို ပြတင်းပေါက်အပြင်ဘက်သို့ တွန်း၍ ကြိုးကို ပစ်ချပါ။





မြေပြင်ဆင်းကြိုးခါးပတ်အား ရင်ဘတ်အထိ ချိတ်၍ ကြိုးကိုတင်းပါ။





နံရံကို ကိုင်၍ အန္တရာယ်ကင်းစွာ ဆင်းသက်ပါ။


## မီးငြိမ်းသတ် ရာတွင် မီးသတ်ဆေးဘူး အသုံးပြုနည်း




ပင်းကို ဖြုတ်ပါ။




နှုတ်သီးအတံကို ကိုင်၍ မီးရှိရာအရပ်ကို ဦးတည်ပါ။





လက်ကိုင်ကို တင်းကျပ်စွာ ဖိနှိပ်ပါ။





အမှုန့်ကို နှံ့စပ်စွာ ဖျန်းပါ။

※ အိမ်တွင်းမှ အပြင်သို့ ထွက်သည့်အချိန်ကို ကြိုတင်မှန်းဆ၍ တံခါးဘက် ကျောပေး၍ အသုံးပြုပါ။


## မီးငြိမ်းသတ်ရာတွင် **မီးသတ်ပိုက်အသုံးပြုပုံ**





နှစ်ယောက်အနက်မှ တစ်ယောက်က အရင် မီးသတ်ပိုက်ထည့်ထားသော အကန့် တံခါးကို ဖွင့်၍ ပိုက်ခေါင်းနှင့် ပိုက် ကောင်းမွန်စွာ ဆက်သွယ်ထားခြင်း ရှိမရှိ စစ်ဆေးပါ။




ပိုက်ကို အပြင်သို့ ထုတ်ရာတွင် ခေါက်မနေစေရန် သတိပြု၍ မီးလောင်နေသည့် နေရာအထိ ရှည်ရှည် ဆွဲဆန့်ပြီးနောက် ပိုက်ကို ကိုင်၍ မီးငြိမ်းသတ်ပါ။





ကျန်တစ်ယောက်မှ ပိုက်ခေါင်းကို လှည့်၍ ရေထွက်လာပါက အမြန် ပိုက်ကို ပြေးကိုင်ကာ အကူအညီပေးပါ။




ပိုက်ခေါင်း၏ အဆုံးကို လှည့်၍ ရေပမာဏကို ထိန်းချုပ်၍ မီးငြိမ်းသတ်ပါ။

## မီးငြိမ်းသတ်ရာတွင် **အဝတ်တွင်မီးစွဲသောအခါ**




လုပ်လက်စ အလုပ်ကို ရပ်ပါ။




မျက်စိ၊ နှာခေါင်းနှင့် ပါးစပ်ကို အုပ်ထားပါ။




ကြမ်းပြင်တွင် မှောက်ချလိုက်ပါ။




မီးငြိမ်းသည်အထိ လှိမ့်ပါ။

※ မျက်နှာ မီးမဟပ်စေရန်နှင့် မီးခိုးငွေ့များ အဆုတ်ထဲ မဝင်အောင် သတိပြုပါ။

## ၁၁၉ **သတင်းပို့နည်း**



### ❶ သာမန်ဖုန်း

① ဖုန်းခွက်ကို ကိုင်၍ ခေါ်ဆိုသည့်ဖုန်းကို စစ်ဆေးခြင်း

② အစဉ်အတိုင်း ၁၁၉နံပါတ်အား နှိပ်ပါ။

③ မီးသတ်ဝန်ထမ်း၏ မေးခွန်းအား ဖြေဆိုပါ။



### ❷ လက်ကိုင်ဖုန်း

① ၁၁၉နံပါတ်ကို နှိပ်ပါ

② မီးသတ်ဝန်ထမ်း၏ မေးခွန်းအား ဖြေဆိုပါ။

www.119.go.kr



신고하기 ›

### ❸ အင်တာနက်


① အင်တာနက်ချိတ်ပါ။

② သတင်းပို့ရန် ဆိုသော ခလုတ်ကို နှိပ်ပါ။

③ အမည် စသည့် အရေးကြီးသော အချက်အလက် ဖြည့်ပါ။

④ အခင်းဖြစ်ပွားသည့်အရာကို တိကျစွာ ရေးဖြည့်ပါ။

⑤ မှတ်ပုံတင်ခြင်းတွင် လုပ်မည်ဆိုသည်ကို နှိပ်ပါ။



### ❹ အများသုံးတယ်လီဖုန်း

① ဖုန်းခွက်ကို ကိုင်ပါ။


② အရေးပေါ်နံပါတ်ကို နှိပ်ပါ။

③ ၁၁၉နံပါတ်ကို နှိပ်ပါ။

④ မီးသတ်ဝန်ထမ်း၏ မေးခွန်းအား ဖြေဆိုပါ။

**Tip!**

### မိမိအား ကာကွယ်ပေးနေသော မီးဘေးကာကွယ်ရေးပစ္စည်းများ



မီးဘေးalarm, fire detector ၊ ရေပန်း၊ မီးဖိုချောင်သုံး အလိုအလျောက်မီးသတ်ဆေးဘူး စသည်